# ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ဆွေးနွေးသည့် အဆိုများ

| စဉ် | တင်သွင်းသူအမည် မဲဆန္ဒနယ် | အဆိုအကြောင်းအရာ | အဆိုတင် သည့်နေ့ | ဆုံးဖြတ် သည့်နေ့ | ရှင်းလင်းဖြေကြား သည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ဦးဖေသောင်း ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) | မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး၏ ကျေးကျွန်ဘဝ အဖြစ်သို့ ရောက်ရှိနေကြသော လူငယ်လူရွယ်များကို လူထုဗဟိုပြုအဖွဲ့အစည်းများနှင့် တာဝန်ရှိ အစိုးရဌာနဆိုင်ရာများ INGO,NGO အဖွဲ့အစည်းများပူးပေါင်း၍လိုအပ်သောမြို့နယ်တိုင်းတွင်လူငယ်များလမ်းမှားပေါ် မရောက်ရှိစေရန်အတွက်ပြုစုပျိုးထောင်ပေးနိုင်မည့်မူးယစ် ပညာပေး လေ့ကျင့်ရေးစခန်းများ ဖွင့်လှစ်ပေးနိုင်မည့် စီမံကိန်းမျိုးကို အမြန်ဆုံး ဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆို။ | ၂၂-၁၀-၂၀၁၄ (၂၂)ရက် မြောက်နေ့ (၁၁)ကြိမ် မြောက် | ၉-၂-၂၀၁၅ (၁၅)ရက် မြောက်နေ့ | ပြည်ထဲရေး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း | အတည်ပြု |
| ၂ | ဦးဟာရှိန်းဘွေ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) | ရေမြေ၊ ရာသီဥတုနှင့်ကိုက်ညီသော ပြည်နယ်နှင့်တိုင်းဒေသကြီးများ တွင် 'ဝ' ဥ ခေါ် ဖျုံဥကို စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချနိုင်ရန် နိုင်ငံတော်မှ စနစ်တကျစီမံချက်ရေးဆွဲပြီး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၂၀-၁-၂၀၁၅ ဒုတိယနေ့ | ၄-၂-၂၀၁၅ (၁၂)ရက် မြောက်နေ့ | စီးပွား/ကူးသန်း ပြည်ထောင်စု ဝန်ကြီး ဦးဝင်းမြင့် | အတည်ပြု |
| ၃ | ဦးခက်ထိန်နန် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) | ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် အားကစားသိပ္ပံကျောင်း ဖွင့်လှစ် ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၂၂-၁-၂၀၁၅ စတုတ္ထနေ့ | ၁၈-၂-၂၀၁၅ (၁၈)ရက် မြောက်နေ့ | အား/ကာ ဒုတိယဝန်ကြီး ဦးဇော်ဝင်း | မှတ်တမ်းတင် |

| စဉ် | တင်သွင်းသူအမည် မဲဆန္ဒနယ် | အဆိုအကြောင်းအရာ | အဆိုတင် သည့်နေ့ | ဆုံးဖြတ် သည့်နေ့ | ရှင်းလင်းဖြေကြား သည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| ၄ | ဦးဆလိုင်းခွဲယန် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) | အခြေခံပညာအဆင့် အထက်တန်းကျောင်းများတွင် ကျောင်းစာကြည့်တိုက်များ ပေါ်ထွန်းရေးနှင့် ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၄-၂-၂၀၁၅ (၁၂)ရက် မြောက်နေ့ | ၂၃-၂-၂၀၁၅ (၂၀)ရက် မြောက်နေ့ | ပညာရေး ဒုတိယဝန်ကြီး ဦးသန့်ရှင်း | အတည်ပြု |
| ၅ | ဦးမျိုးမြင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) | မြန်မာနိုင်ငံ၏ အနာဂတ်လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးမှုတွင် မျှတခြေရှိ၍ အာမခံနိုင်သောစီမံကိန်းများ (Justifiable Power Projects) ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၆-၂-၂၀၁၅ (၁၄)ရက် မြောက်နေ့ | ၁၉-၂-၂၀၁၅ (၁၉)ရက် မြောက်နေ့ | လွှတ်တော်၏ အဆုံးအဖြတ် လျှပ်စစ်ဝန်ကြီးဌာန မှ လာရောက် ဖြေကြားခြင်း မရှိပါသဖြင့် | အတည်ပြု |
| ၆ | ဦးဟာရှိန်းဘွေ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) | မြန်မာနိုင်ငံတွင် ဝေးလံခေါင်သီပြီး ဖွံ့ဖြိုးမှု နောက်ကျနေသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ကုန်းမြင့်လယ်ယာ၊ လှေကားထစ် လယ်ယာဖော်ထုတ်ရေးလုပ်ငန်းကို ရေသွယ်ယူရရှိနိုင်သည့်ဒေသများ နှင့် ချောင်းပိတ်၍ အသေးစားဆည်များ တည်ဆောက်နိုင်မည့် နေရာဒေသများကို ကျွမ်းကျင်ပညာရှင်များဖြင့် စနစ်တကျကွင်းဆင်း လေ့လာပြီးမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၂၄-၂-၂၀၁၅ (၂၂)ရက် မြောက်နေ့ | ၁၉-၃-၂၀၁၅ (၃၀)ရက် မြောက်နေ့ | လယ်/ဆည် ဒုတိယဝန်ကြီး ဦးခင်ဇော် | အတည်ပြု |

| စဉ် | တင်သွင်းသူအမည် မဲဆန္ဒနယ် | အဆိုအကြောင်းအရာ | အဆိုတင်သည့်နေ့ | ဆုံးဖြတ်သည့်နေ့ | ရှင်းလင်းဖြေကြားသည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| ၇ | ဦးအုန်းတင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) | ၂၀၁၅ ခုနှစ်၊ မတ်လ(၁၃)ရက် ည(၈)နာရီခန့်တွင် မြေပုံမြို့နယ် နောင်တော်ပင်လယ်ဝ၊ မျောက်ကျွဲန်ကျွန်းအနီး ပြည်တွင်းရေကြောင်းပိုင် အောင်တံခွန်အမှတ်(၃) နှစ်ထပ်သင်္ဘော နစ်မြုပ်ရခြင်းကြောင့် အသက်များသေဆုံးမှု၊ ထိခိုက်ဒဏ်ရာရရှိမှု၊ ပစ္စည်းဆုံးရှုံးမှုများ အတွက် အမျိုးသားလွှတ်တော်က ဝမ်းနည်းကြောင်းနှင့် လျော်ကြေးပေးရေးကိစ္စများအား စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ် ဖွဲ့စည်း၍ အရေးယူဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးတကြီးအဆို။ | ၁၉-၃-၂၀၁၅ (၃၀)ရက်မြောက်နေ့ အဆိုတင် ကစလဆွေးနွေး | ၁၉-၃-၂၀၁၅ (၃၀)ရက်မြောက်နေ့ | လွှတ်တော်၏ အဆုံးအဖြတ် | အတည်ပြု |
| ၈ | ဦးစောမော်ထွန်း ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) | ပြည်သူများ၏ ကျန်းမာရေး၊ ပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ထိန်းသိမ်းရေးတို့အတွက် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး၊ ကင်းစင်ရေးတို့အတွက် ပြည်သူတစ်ရပ်လုံး အသိရှိရှိပါဝင်လာအောင် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၃၁-၃-၂၀၁၅ (၃၇)ရက်မြောက်နေ့ | ၁-၆-၂၀၁၅ (၅၅)ရက်မြောက်နေ့ | ကျန်းမာရေး ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် | အတည်ပြု |
| ၉ | ဦးမျိုးမြင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) | မြန်မာနိုင်ငံအလယ်ပိုင်း နှင့် အရှေ့တောင်ပိုင်းဒေသကြီးများတွင် နှစ်စဉ် ခြောက်သွေ့ရာသီရေပြတ်လပ်မှု မိုးရာသီရေကြီးရေနစ်မြုပ်မှု များကို ရေရှည် ကုစားနိုင်မည့် မြစ်ရေလွှဲပြောင်း သယ်ယူရေး စီမံကိန်း မဟာစီမံချက် ( Master Plan of River Water Conveyance Scheme) ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၂-၆-၂၀၁၅ (၅၆)ရက်မြောက်နေ့ | ၁၀-၆-၂၀၁၅ (၆၀)ရက်မြောက်နေ့ ကစလ ဆွေးနွေး ၁၁-၆-၂၀၁၅ (၆၁)ရက်မြောက်နေ့ ကစလ ဆွေးနွေး/ ဆုံးဖြတ် | လယ်/ဆည် ဒုတိယဝန်ကြီး ဦးခင်ဇော် | အတည်မပြု |

| စဉ် | တင်သွင်းသူအမည် မဲဆန္ဒနယ် | အဆိုအကြောင်းအရာ | အဆိုတင် သည့်နေ့ | ဆုံးဖြတ် သည့်နေ့ | ရှင်းလင်းဖြေကြား သည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁၀ | ဦးလှဆွေ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) | လှေစီးပြေး ရွှေ့ပြောင်းသူများနှင့် ပတ်သက်၍ ပြတ်သားသော မူဝါဒချမှတ် ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးတကြီး အဆို။ | ၂-၆-၂၀၁၅ (၅၆)ရက် မြောက်နေ့ | ၈-၆-၂၀၁၅ (၅၈)ရက် မြောက်နေ့ | - နိုင်ငံခြားရေး ဒုတိယဝန်ကြီး ဦးသန့်ကျော်<br>- ကာကွယ်ရေး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သော်<br>- ပြည်ထဲရေး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့် | အတည်ပြု |
| ၁၁ | ဦးညွန့်တင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) | နိုင်ငံတော်အစိုးရအနေဖြင့်ပို့ဆောင်ရေးဆိုင်ရာ ယာဉ်မတော်တဆ ထိခိုက်မှု တားဆီးကာကွယ်ရေးအတွက် အမျိုးသားအဆင့် ကော်မရှင်တစ်ရပ် သို့မဟုတ် ဘုတ်အဖွဲ့ NTSB ( NATIONAL TRANSPORTATION SAFETY BOARD ) ကဲ့သို့အဖွဲ့ ဖွဲ့စည်း ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆို။ | ၁၆-၆-၂၀၁၅ (၆၃)ရက် မြောက်နေ့ | ၁၅-၇-၂၀၁၅ (၆၉)ရက် မြောက်နေ့ | ပို့ဆောင်ရေး ဒုတိယဝန်ကြီး ဦးဟံစိန် | အတည်မပြု |
| ၁၂ | ဦးလှဆွေ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) | အရက်/ဘီယာ/စီးကရက် ကြော်ငြာအားလုံး အထူးကန့်သတ် လျှော့ချသွားရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း အဆို။ | ၁၃-၇-၂၀၁၅ (၆၈)ရက် မြောက်နေ့ | ၁၉-၈-၂၀၁၅ (၇၅)ရက် မြောက်နေ့ | သမ္မတရုံး(၃) ကိုယ်စား သမ္မတရုံး(၁) ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း | မှတ်တမ်း တင် |

| စဉ် | တင်သွင်းသူအမည် မဲဆန္ဒနယ် | အဆိုအကြောင်းအရာ | အဆိုတင် သည့်နေ့ | ဆုံးဖြတ် သည့်နေ့ | ရှင်းလင်းဖြေကြား သည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁၃ | ဦးကြည်ထွန်း မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) | ရေဘေးဒုက္ခသည်များအား ကာကွယ်ရေးလုပ်ငန်း၊ ကယ်ဆယ်ရေး လုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အနီးကပ် လုပ်ဆောင်ပေးနိုင်ရန်နှင့် ၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေ ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် ပါတီအသီးသီးမှ လွှတ်တော် ကိုယ်စားလှယ်လောင်းများ ဆောင်ရွက်ရန်ရှိသည်များ လုပ်ဆောင် နိုင်ရန်တို့အတွက် အမျိုးသားလွှတ်တော်အစည်းအဝေးကို ရပ်နား ပေးနိုင်ပါရန် အရေးကြီးအဆို။ | ၁၈-၈-၂၀၁၅ (၇၄)ရက် မြောက်နေ့ | ၁၉-၈-၂၀၁၅ (၇၅)ရက် မြောက်နေ့ | လွှတ်တော်၏ အဆုံးအဖြတ် | အတည်ပြု |
| ၁၄ | ဒေါက်တာ ဝင်းမြင့်အောင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) | ယခုအခါ မြန်မာနိုင်ငံဒေသအတော်များများတွင် ရေကြီးခြင်း၊ မြေပြိုခြင်း၊ ရေတိုက်စားခြင်းများကြောင့် အိမ်ရာများပျက်စီးခြင်း၊ ရွံ့နွံများ ဖုံးလွှမ်းပြီး ရွာများပျက်ခြင်း၊ စိုက်ပျိုးမြေများ ပျက်စီးခြင်း ဘေးဒုက္ခများ တွေ့ကြုံခံစားခဲ့ကြရသဖြင့် ကယ်ဆယ်ရေးလုပ်ငန်း များ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လနှင့်ချီ၍ ဆောင်ရွက် ရမည့်အခြေအနေဖြစ်ပါသည်။ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ် အသီးသီးသည် မိမိသက်ဆိုင်ရာ မဲဆန္ဒနယ်မြေများတွင်ရှိနေပြီး အုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ နှင့် ပူးပေါင်းဆောင်ရွက်ပေးရမည့် တာဝန်ရှိလာပါ၍ ယခုကျင်းပဆဲ ဖြစ်သော (၁၂)ကြိမ်မြောက် အမျိုးသားလွှတ်တော်အစည်းအဝေးကို ရပ်နားပေးပါရန် အရေးကြီးအဆို။ | ၁၈-၈-၂၀၁၅ (၇၄)ရက် မြောက်နေ့ | ၁၉-၈-၂၀၁၅ (၇၅)ရက် မြောက်နေ့ | လွှတ်တော်၏ အဆုံးအဖြတ် | အတည်ပြု |